# ဗစ်တိုးရီးယား၏
# ကလေးသူငယ် ဘေးအန္တရာယ်ကင်းရှင်းရေး
# စံနှုန်း ၁၁ ချက်

## ဗစ်တိုးရီးယားပြည်နယ်၏ ကလေးသူငယ် ဘေးအန္တရာယ်ကင်းရှင်းရေး စံနှုန်းများကို နားလည်ထားခြင်း

ဗစ်တိုးရီးယားပြည်နယ်တွင် ကလေးသူငယ် ဘေးအန္တရာယ်ကင်းရှင်းရေးစံနှုန်းများ (စံနှုန်းများ) ကို ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ၌ စတင်သတ်မှတ်ခဲ့သည်။ ထိုအချိန်မှစ၍ ဤစံနှုန်းများသည် ကလေးသူငယ်များနှင့် လူငယ်များအတွက် ဘေးကင်းလုံခြုံမှုကို မည်သို့မြှင့်တင်ပေးသည်ကို ကျွန်ုပ်တို့ တွေ့မြင်ခဲ့ရသည်။

၂၀၂၂ နှင့် ၂၀၂၃ ခုနှစ်အတွင်း ပြုပြင်ပြောင်းလဲမှုများသည် ကျွန်ုပ်တို့၏ စံနှုန်းများကို ပို၍ပင် ခိုင်မာလာစေခဲ့သည်။

၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၁ ရက်မှစ၍ စံနှုန်းများအရ [1]အကျုံးဝင်သည့် အဖွဲ့အစည်းများသည် စံနှုန်းအသစ် ၁၁ ချက်ကို လိုက်နာရသည်။

စံနှုန်း ၁၁ ချက်တွင် အနိမ့်ဆုံး လိုအပ်ချက်များကို ဖော်ပြထားပြီး ကလေးသူငယ်များနှင့်လူငယ်များအား ဘေးကင်းလုံခြုံမှုရှိစေရန် အဖွဲ့အစည်းများ လုပ်ဆောင်ရမည့် လုပ်ဆောင်ချက်များကို အနှစ်ချုပ် ဖော်ပြထားသည်။

ဤစံနှုန်းများသည် အဖွဲ့အစည်းများအတွက် ပိုမိုရှင်းလင်းမှုကို ဖော်ပြပေးထားပြီး၊ ဩစတြေးလျတစ်ဝန်းရှိ အခြားစံနှုန်းများနှင့်လည်း ပိုမိုကိုက်ညီမှု ရှိသည်။

စံနှုန်း ၁၁ ချက်တွင် အသေးစိတ်လိုအပ်ချက်များ ပါဝင်သည်-

- ကလေးသူငယ်များနှင့်လူငယ်များကို ဘေးကင်းလုံခြုံစွာ ထားရှိနိုင်ရန် အဖွဲ့အစည်းများ၏ကြိုးပမ်းလုပ်ဆောင်မှုများတွင် မိသားစုများနှင့် လူမှုအသိုင်းအဝိုင်းများ ပါဝင်စေရန်
- မူလနေထိုင်သူ ကျွန်းသား ကလေးသူငယ်များနှင့်လူငယ်များ ဘေးကင်းလုံခြုံမှုကို ပိုမိုအာရုံစိုက်မှု ရရှိစေရန်
- အွန်လိုင်းပတ်ဝန်းကျင်များတွင် ကလေးသူငယ် ညှဉ်းပန်းနှိပ်စက်မှုအန္တရာယ်ကို ကိုင်တွယ်ဖြေရှင်းနိုင်ရန်
- အုပ်ချုပ်မှု၊ စနစ်များ၊ လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ကလေးသူငယ်များနှင့်လူငယ်များ ဘေးကင်းလုံခြုံမှုရှိစေရန်တို့ ဖြစ်သည်။

---

[1] ဤစာရွက်စာတမ်းတွင် 'သက်ဆိုင်ရာ အသင်းအဖွဲ့များ' ဟု ရည်ညွှန်းချက်အားလုံးကို 'အဖွဲ့အစည်း/များ'ဟု နားလည်လွယ်ကူစေရန် အစားထိုးထားပါသည်။ သက်ဆိုင်ရာ အသင်းအဖွဲ့ကို *၂၀၀၅ ခုနှစ် ကလေးသူငယ် ကျန်းမာပျော်ရွှင်ရေးနှင့် ဘေးကင်းလုံခြုံရေးအက်ဥပဒေ* ပုဒ်မ ၃ (၁) တွင် အဓိပ္ပါယ်ဖွင့်ဆိုထားပြီး ကလေးသူငယ် ဘေးအန္တရာယ်ကင်းရှင်းရေး စံနှုန်းများကို လိုက်နာရသော အသင်းအဖွဲ့များဟု ဖော်ပြထားသည်။

## အဖွဲ့အစည်းများအနေဖြင့် မည်သည်တို့ကို လုပ်ရမည်နည်း။

### အဖွဲ့အစည်းများသည် စံနှုန်း ၁၁ ချက်ကို လိုက်နာရမည်

အဖွဲ့အစည်းများ စံနှုန်းများကို နားလည်ပြီး အကောင်အထည်ဖော်နိုင်ရန် ကူညီသောအားဖြင့် ကော်မရှင်သည် ကော်မရှင် ဝက်ဘ်ဆိုက်တွင်ရင်းမြစ်များစွာရှိရန် စီစဉ်ထားပါသည်။

အဖွဲ့အစည်းများ စံနှုန်းများကို လိုက်နာကျင့်သုံးရာတွင် အကူအညီဖြစ်စေမည့် အချက်အလက်နှင့် လမ်းညွှန်ချက်အသစ်ကို ကော်မရှင်မှ ထုတ်ပြန်သည့်အခါ၊ သင့်ထံ အီးမေးလ်ပို့ပေးနိုင်ရန် ဤနေရာ တွင် စာရင်းသွင်းရန် တိုက်တွန်းပါသည်။

အဖွဲ့အစည်းမှ စံနှုန်းများကို မလိုက်နာသည့်အခါ ကော်မရှင်သည် အရေးယူဆောင်ရွက်ခွင့်အာဏာ ရှိသည်။

## ကလေးသူငယ် ဘေးအန္တရာယ်ကင်းရှင်းရေးစံနှုန်းများက မည်သည်ဖြစ်သနည်း။

ကလေးသူငယ် ဘေးအန္တရာယ်ကင်းရှင်းရေးစံနှုန်း ၁၁ ချက်ရှိပါသည်-

**ကလေးသူငယ် ဘေးအန္တရာယ်ကင်းရှင်းရေးစံနှုန်း ၁ - အဖွဲ့အစည်းများသည် မူလနေထိုင်သူ ကျွန်းသား ကလေးသူငယ်များနှင့်လူငယ်များ၏ မတူကွဲပြားခြားနားသော ကိုယ်ပိုင်လက္ခဏာများနှင့်အတွေ့အကြုံများကို လေးစားတန်ဖိုးထားပြီး ယဉ်ကျေးမှုကို မထိခိုက်သော ပတ်ဝန်းကျင်ကို ထူထောင်ပေးရမည်**

ကလေးသူငယ် ဘေးအန္တရာယ်ကင်းရှင်းရေးစံနှုန်း ၁ နှင့်အညီ အဖွဲ့အစည်းတစ်ခုအနေဖြင့် အနည်းဆုံး ပြုလုပ်ပေးရမည်မှာ-

၁.၁ ကလေးတိုင်း ယဉ်ကျေးမှုကို ထုတ်ဖော်ပြသနိုင်ခွင့်နှင့် သူတို့၏ ယဉ်ကျေးမှုဆိုင်ရာအခွင့်အရေး ရပိုင်ခွင့်ကို အားပေး၍ ထိရောက်စွာ ပံ့ပိုးပေးရမည်။

၁.၂ အဖွဲ့ဝင်များအားလုံးကို မူလနေထိုင်သူ ကျွန်းသား ယဉ်ကျေးမှု၏ စွမ်းရည်များကို အသိအမှတ်ပြု တန်ဖိုးထားရန်နှင့် မူလနေထိုင်သူ ကျွန်းသား ကလေးများနှင့်လူငယ်များ၏ ကျန်းမာပျော်ရွှင်ရေးနှင့် ဘေးကင်းစိတ်ချရမှုအတွက် ၎င်း၏အရေးပါမှုကို နားလည်ရန် ပြင်ဆင်ပေးသော စီမံချက်များကို အဖွဲ့အစည်းများအတွင်း ထည့်သွင်းရမည်။

၁.၃ အဖွဲ့အစည်းအတွင်းရှိ လူမျိုးရေးခွဲခြားမှုကို ဖော်ထုတ်ရန်၊ ရင်ဆိုင်ဖြေရှင်းရန်နှင့် လက်သင့်မခံရန် စီမံဆောင်ရွက်ချက်များကို အဖွဲ့အစည်းတွင် ကျင့်သုံးရမည်။ မည်သည့်လူမျိုးရေးခွဲခြားမှု ဖြစ်ရပ်မျိုးကိုမဆို သင့်လျော်သောအကျိုးဆက်များနှင့်အတူ ကိုင်တွယ်ဖြေရှင်းသွားရမည်။

၁.၄ အဖွဲ့အစည်းသည် မူလနေထိုင်သူ ကျွန်းသား ကလေးသူငယ်များ၊ လူငယ်များနှင့် ၎င်းတို့၏မိသားစုများအား အဖွဲ့အစည်းအတွင်း တန်းတူပါဝင်ဆောင်ရွက်ခွင့်ရရှိရန် တက်ကြွစွာ ပံ့ပိုးကူညီ၍ ဖြစ်မြောက်အောင် ဆောင်ရွက်ပေးရမည်။

၁.၅ အဖွဲ့အစည်း၏မူဝါဒများ၊ လုပ်ထုံးလုပ်နည်းများ၊ စနစ်များနှင့်လုပ်ငန်းစဉ်များအားလုံးသည် ယဉ်ကျေးမှုကို မထိခိုက်စေဘဲ အားလုံးပါဝင်ခွင့်ရှိသော ပတ်ဝန်းကျင်ကို အတူတကွ ဖန်တီးပြီး မူလနေထိုင်သူ ကျွန်းသား ကလေးသူငယ်များ၊ လူငယ်များနှင့် ၎င်းတို့၏မိသားစုများ၏လိုအပ်ချက်များကို ဖြည့်ဆည်းပေးရမည်။

**ကလေးသူငယ် ဘေးအန္တရာယ်ကင်းရှင်းရေးစံနှုန်း ၂ - ကလေးသူငယ် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာပျော်ရွှင်ရေးကို အဖွဲ့အစည်း၏ခေါင်းဆောင်မှု၊ အုပ်ချုပ်မှုနှင့်ယဉ်ကျေးမှုတို့တွင် ထည့်သွင်းသွားရမည်**

ကလေးသူငယ် ဘေးအန္တရာယ်ကင်းရှင်းရေးစံနှုန်း ၂ နှင့်အညီ ဖွဲ့အစည်းတစ်ခုအနေဖြင့် အနည်းဆုံး ပြုလုပ်ပေးရမည်မှာ-

၂.၁ အဖွဲ့အစည်းသည် ကလေးသူငယ် ဘေးကင်းလုံခြုံမှုရှိစေရန် လူသိရှင်ကြား ကတိပြုထားရမည်။

၂.၂ ကလေးသူငယ် ဘေးအန္တရာယ်ကင်းရှင်းရေး ယဉ်ကျေးမှုကို အဖွဲ့အစည်း၏ ထိပ်ပိုင်းမှ အောက်ခြေအဆင့်အထိ အဆင့်အားလုံးတွင် ရပ်တည်ကာကွယ်ပေး၍ စံပြလုပ်ဆောင်ရမည်။

၂.၃ အုပ်ချုပ်မှုအစီအစဉ်များသည် အဆင့်တိုင်း၌ ကလေးသူငယ် ဘေးကင်းလုံခြုံရေးနှင့် ကျန်းမာပျော်ရွှင်ရေး မူဝါဒကို အကောင်အထည်ဖော်ရာတွင်လွယ်ကူစေရန် ပံ့ပိုးဆောင်ရွက်ပေးရမည်။

၂.၄ ကျင့်ဝတ်စည်းမျဉ်းသည် ဝန်ထမ်းများနှင့်စေတနာ့ဝန်ထမ်းများအတွက် မျှော်လင့်ထားသော အပြုအမူဆိုင်ရာ စံနှုန်းများနှင့် တာဝန်ဝတ္တရားများဆိုင်ရာ လမ်းညွှန်ချက်များ ပေးထားရမည်။

၂.၅ ဘေးအန္တရာယ်စီမံခန့်ခွဲမှု စီမံချက်များသည် ကလေးများနှင့် လူငယ်များအတွက် အန္တရာယ်များကို ကြိုတင်ကာကွယ်ခြင်း၊ ဖော်ထုတ်ခြင်းနှင့် လျှော့ချခြင်းအပိုင်းတွင် အာရုံစိုက်ရမည်။

၂.၆ ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများသည် သတင်းအချက်အလက် မျှဝေခြင်း မှတ်တမ်းတင်ခြင်းနှင့်ပတ်သက်ပြီး ၎င်းတို့၏တာဝန်ဝတ္တရားများကို နားလည်ထားရမည်။

**ကလေးသူငယ် ဘေးအန္တရာယ်ကင်းရှင်းရေးစံနှုန်း ၃ - ကလေးသူငယ်များနှင့် လူငယ်များသည် ၎င်းတို့၏အခွင့်အရေးများနှင့်ပတ်သက်ပြီး လုပ်ပိုင်ခွင့်ရှိပြီး ၎င်းတို့အပေါ်သက်ရောက်မှုရှိသောဆုံးဖြတ်ချက်များတွင် ပါဝင်ခွင့်ရရှိရမည်ဖြစ်ကာ ထိုဆုံးဖြတ်ချက်များကို အလေးအနက်ထားလုပ်ဆောင်ပေးရမည်**

ကလေးသူငယ် ဘေးအန္တရာယ်ကင်းရှင်းရေးစံနှုန်း ၃ နှင့်အညီ အဖွဲ့အစည်းတစ်ခုအနေဖြင့် အနည်းဆုံး ပြုလုပ်ပေးရမည်မှာ-

၃.၁ ကလေးသူငယ်များနှင့်လူငယ်များကို ဘေးကင်းလုံခြုံရေး၊ အချက်အလက်များနှင့် ပါဝင်ဆောင်ရွက်မှု အပါအဝင် ၎င်းတို့၏အခွင့်အရေးများအားလုံးကို အသိပေးရမည်။

၃.၂ ကလေးများနှင့် လူငယ်များ ဘေးကင်းလုံခြုံမှုကို ခံစားရပြီး အထီးကျန်မှုမရှိစေရန် ခင်မင်ရင်းနှီးမှု၏အရေးပါမှုကို အသိအမှတ်ပြုပြီး ရွယ်တူများထံမှ အားပေးကူညီမှုကို တိုက်တွန်းအားပေးရမည်။

၃.၃ အခြေအနေနှင့်အချိန်အခါအလိုက် ကလေးသူငယ်များနှင့်လူငယ်များအား လိင်ပိုင်းဆိုင်ရာ မတော်မတရားပြုမှု ကာကွယ်တားဆီးရေး အစီအစဉ်များနှင့် သက်ဆိုင်ရာသတင်းအချက်အလက်များကို အသက်အရွယ်အလိုက် သင့်လျော်သောနည်းလမ်းဖြင့် တက်ရောက်သင်ယူခွင့်ပေးရမည်။

၃.၄ ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများသည် အန္တရာယ်ရှိသောလက္ခဏာများကို သတိပြုပြီး ကလေးသူငယ်များနှင့်လူငယ်များအတွက် သူတို့၏အမြင်များကို ဖော်ပြရန်၊ ဆုံးဖြတ်ချက်ချရာတွင် ပါဝင်ရန်နှင့် သူတို့၏စိုးရိမ်မှုများကိုထုတ်ဖော်ပြောဆိုရန် ကလေးများနှင့် အဆင်ပြေသော နည်းလမ်းများကို ပံ့ပိုးဆောင်ရွက်ပေးရမည်။

၃.၅ အဖွဲ့အစည်းများတွင် ပါဝင်ဆောင်ရွက်မှုကို လွယ်ကူချောမွေ့စေပြီး ကလေးများနှင့် လူငယ်များ၏ပါဝင်အကြံပြုမှုများကို လိုလိုလားလားရှိသော ယဉ်ကျေးမှုကို တည်ဆောက်ရန် စီမံချက်များ ရှိထားရမည်။

၃.၆ အဖွဲ့အစည်းများသည် ကလေးသူငယ်များနှင့် လူငယ်များပါဝင်ရန် အခွင့်အလမ်းများကို ပေးပြီး သူတို့၏ပါဝင်ပံ့ပိုးမှုများကို လက်ခံကြိုဆိုကာ ယုံကြည်မှုနှင့် ပူးပေါင်းပါဝင်မှုကို ပိုမိုအားကောင်းအောင် လုပ်ဆောင်ပေးရမည်။

**ကလေးသူငယ် ဘေးအန္တရာယ်ကင်းရှင်းရေးစံနှုန်း ၄ - ကလေးသူငယ်များ ဘေးကင်းလုံခြုံရေးနှင့် ကျန်းမာပျော်ရွှင်ရေးကို မြှင့်တင်ရာတွင် မိသားစုများနှင့်လူမှုအသိုင်းအဝိုင်းများကို အသိပေး၍ ပါဝင်ခွင့်ပေးရမည်**

ကလေးသူငယ် ဘေးအန္တရာယ်ကင်းရှင်းရေးစံနှုန်း ၄ နှင့်အညီ အဖွဲ့အစည်းတစ်ခုအနေဖြင့် အနည်းဆုံး ပြုလုပ်ပေးရမည်မှာ-

၄.၁ မိသားစုများသည် ၎င်းတို့ကလေးအပေါ် အကျိုးသက်ရောက်မှုရှိသော ဆုံးဖြတ်ချက်များပြုလုပ်ရာတွင် ပါဝင်ခွင့်ရှိရမည်။

၄.၂ အဖွဲ့အစည်းသည် မိသားစုများ၊ ရပ်ရွာလူထုနှင့် ပူးပေါင်း၍ ၎င်းတို့အား ၎င်း၏ကလေးသူငယ် အန္တရာယ်ကင်းရှင်းရေး လုပ်ထုံးလုပ်နည်းအကြောင်းကို ပွင့်ပွင့်လင်းလင်း အသိပေးပြောဆိုပြီး သက်ဆိုင်ရာ သတင်းအချက်အလက်များကို သိရှိနိုင်အောင် မျှဝေပေးသွားရမည်။

၄.၃ မိသားစုများနှင့်လူမှုအသိုင်းအဝိုင်းများသည် အဖွဲ့အစည်း၏မူဝါဒများနှင့် ကျင့်သုံးဆောင်ရွက်ချက်များ ဖော်ဆောင်မှုနှင့် ပြန်လည်သုံးသပ်ခြင်းတို့တွင် ပြောရေးဆိုခွင့် ရှိရမည်။

၄.၄ မိသားစုများ၊ စောင့်ရှောက်သူများနှင့် လူမှုအသိုင်းအဝိုင်းသည် အဖွဲ့အစည်း၏ လုပ်ငန်းလည်ပတ်မှုနှင့် အုပ်ချုပ်မှုအကြောင်း သိထားခွင့်ရှိရမည်။

**ကလေးသူငယ် ဘေးအန္တရာယ်ကင်းရှင်းရေးစံနှုန်း ၅ - တန်းတူညီမျှမှုကို ထိန်းသိမ်းပြီး မူဝါဒနှင့် ကျင့်သုံးဆောင်ရွက်ချက်တွင် ကွဲပြားခြားနားသည့် လိုအပ်ချက်များကို လေးစားသွားရမည်**

ကလေးသူငယ် ဘေးအန္တရာယ်ကင်းရှင်းရေးစံနှုန်း ၅ နှင့်အညီ အဖွဲ့အစည်းတစ်ခုအနေဖြင့် အနည်းဆုံး ပြုလုပ်ပေးရမည်မှာ-

၅.၁ ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများအပါအဝင် အဖွဲ့အစည်းသည် ကလေးသူငယ်များနှင့် လူငယ်များ၏ မတူကွဲပြားသောအခြေအနေများကို နားလည်ပြီး အားနည်းချက်ရှိသူများကို ကူညီပံ့ပိုးပေးရမည်။

၅.၂ ကလေးသူငယ်များနှင့် လူငယ်များသည် ယဉ်ကျေးမှုအရ လုံခြုံစိတ်ချရကာ လက်လှမ်းမီ၍ နားလည်ရန်လွယ်ကူသည့်နည်းလမ်းများဖြင့် သတင်းအချက်အလက်၊ အထောက်အပံ့နှင့် တိုင်တန်းမှုလုပ်ငန်းစဉ်များကို လက်လှမ်းမီခွင့် ရှိရမည်။

၅.၃ အဖွဲ့အစည်းသည် မသန်စွမ်းသော ကလေးသူငယ်များနှင့် လူငယ်များ၊ ယဉ်ကျေးမှုနှင့် ဘာသာစကား မတူကွဲပြားသော နောက်ခံများမှလာသည့် ကလေးသူငယ်များနှင့် လူငယ်များ၊ အိမ်တွင် မနေနိုင်သော ကလေးသူငယ်များနှင့် လူငယ်များနှင့် အမျိုးသမီးချင်းစုံမက်သော၊ အမျိုးသားချင်းစုံမက်သော၊ ဆန့်ကျင်ဘက်လိင်နှစ်မျိုးလုံးကို စုံမက်သော၊ လိင်ပြောင်းထားသော၊ ဒွိလိင်ဖြစ်သော ကလေးသူငယ်များနှင့် လူငယ်များ၏ လိုအပ်ချက်များကို အထူးအာရုံစိုက်ရမည်။

၅.၄ အဖွဲ့အစည်းသည် မူလနေထိုင်သူ ကျွန်းသား ကလေးများနှင့် လူငယ်များ၏လိုအပ်ချက်များကို အထူးအာရုံစိုက်ပြီး ယဉ်ကျေးမှုအရ လုံခြုံစိတ်ချရသောပတ်ဝန်းကျင်တစ်ခုကို ထောက်ပံ့/မြှင့်တင်ပေးသွားရမည်။

**ကလေးသူငယ် ဘေးအန္တရာယ်ကင်းရှင်းရေးစံနှုန်း ၆ - ကလေးသူငယ်များ၊ လူငယ်များနှင့် အလုပ်လုပ်သောသူများသည် လက်တွေ့တွင် ကလေးသူငယ် ဘေးကင်းလုံခြုံရေးနှင့် ကျန်းမာပျော်ရွှင်ရေး တန်ဖိုးများကို ထင်ဟပ်စေရန် သင့်တော်မှုရှိ၍ ပံ့ပိုးပေးနိုင်သူဖြစ်ရမည်**

ကလေးသူငယ် ဘေးအန္တရာယ်ကင်းရှင်းရေးစံနှုန်း ၆ နှင့်အညီ အဖွဲ့အစည်းတစ်ခုအနေဖြင့် အနည်းဆုံး ပြုလုပ်ပေးရမည်မှာ-

၆.၁ ကြော်ငြာခြင်း၊ ထောက်ခံစာစစ်ဆေးမှုများနှင့် ဝန်ထမ်းများနှင့်စေတနာ့ဝန်ထမ်းများ အလုပ် မဝင်မီ စစ်ဆေးခြင်းလုပ်ငန်းစဉ်အပါအဝင် ဝန်ထမ်းသစ်ခန့်အပ်ရာတွင် ကလေးသူငယ်များ၏ဘေးကင်းလုံခြုံရေးနှင့် ကျန်းမာပျော်ရွှင်ရေးကို အလေးပေးရမည်။

၆.၂ သက်ဆိုင်ရာဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများသည် လက်ရှိတွင် ကလေးများနှင့် ပတ်သက်၍ စစ်ဆေးမှုများ သို့မဟုတ် နောက်ကြောင်းရာဇဝင် စစ်ဆေးမှုများကို လုပ်ဆောင်သွားရမည်။

၆.၃ ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများအားလုံးသည် သင့်လျော်သော လုပ်ငန်းဝင်သင်တန်းကို ရရှိပြီး မှတ်တမ်းများထိန်းသိမ်းခြင်း၊ သတင်းအချက်အလက်မျှဝေခြင်းနှင့် အစီရင်ခံခြင်းတာဝန်များအပါအဝင် ကလေးများနှင့်လူငယ်များအပေါ် သူတို့၏တာဝန်များကို သိရှိထားရမည်။

၆.၄ အစဉ်တစိုက် ကြီးကြပ်ကွပ်ကဲခြင်းနှင့် လူသားရင်းမြစ် စီမံခန့်ခွဲခြင်းတွင် ကလေးသူငယ် ဘေးကင်းလုံခြုံရေးနှင့် ကျန်းမာပျော်ရွှင်ရေးကို အဓိကထားသွားရမည်။

**ကလေးသူငယ် ဘေးအန္တရာယ်ကင်းရှင်းရေးစံနှုန်း ၇ - တိုင်ကြားမှုများနှင့် စိုးရိမ်မှုများကို ကိုင်တွယ်သည့် လုပ်ငန်းစဉ်များသည် ကလေးသူငယ်ကို ဦးစားပေး အာရုံစိုက်ရမည်**

ကလေးသူငယ် ဘေးအန္တရာယ်ကင်းရှင်းရေးစံနှုန်း ၇ နှင့်အညီ အဖွဲ့အစည်းတစ်ခုအနေဖြင့် အနည်းဆုံး ပြုလုပ်ပေးရမည်မှာ-

၇.၁ အဖွဲ့အစည်းတွင် လက်လှမ်းမီနိုင်သော ကလေးအပေါ် ဦးစားပေးသည့် တိုင်ကြားမှု ကိုင်တွယ်ဖြေရှင်းရေး မူဝါဒတစ်ခုရှိရမည်ဖြစ်ပြီး ထိုမူဝါဒတွင် ခေါင်းဆောင်မှု၊ ဝန်ထမ်းများနှင့်စေတနာ့ဝန်ထမ်းများ၏အခန်းကဏ္ဍများနှင့်တာဝန်ဝတ္တရားများ၊ တိုင်ကြားချက်ပုံစံ အမျိုးမျိုး၊ သက်ဆိုင်ရာ မူဝါဒများ သို့မဟုတ် ကျင့်ဝတ်စည်းမျဉ်း ချိုးဖောက်မှုများကို ကိုင်တွယ်ဖြေရှင်းရန် နည်းလမ်းများနှင့် အရေးယူ တိုင်ကြားရန် တာဝန်များကို ရှင်းလင်းစွာ ဖော်ပြထားရမည်။

၇.၂ တိုင်ကြားမှုများကို ထိရောက်စွာ ကိုင်တွယ်ဖြေရှင်းသည့် လုပ်ငန်းစဉ်များကို ကလေးများနှင့် လူငယ်များ၊ မိသားစုဝင်များ၊ ဝန်ထမ်းနှင့် စေတနာ့ဝန်ထမ်းများက နားလည်ရမည်ဖြစ်ပြီး ယဉ်ကျေးမှုအရ ဘေးကင်းမှု ရှိရမည်။

၇.၃ တိုင်ကြားချက်များကို အလေးအနက်ထားပြီး ချက်ချင်းပင် သေသေချာချာ ကိုင်တွယ်ဖြေရှင်းပေးရမည်။

၇.၄ အဖွဲ့အစည်းတွင် ဥပဒေအရ တိုင်ကြားရန် လိုအပ်သည်ဖြစ်စေ မလိုအပ်သည်ဖြစ်စေ တိုင်ကြားမှုများနှင့်စိုးရိမ်မှုများကို သက်ဆိုင်ရာအာဏာပိုင်များသို့ တင်ပြလာပါက ကိုင်တွယ်ဖြေရှင်းပေးမည့် မူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများကို ပြင်ဆင်ထားရှိရမည်ဖြစ်ပြီး ဥပဒေစိုးမိုးရေး ရဲအရာရှိများနှင့် ပူးပေါင်းဆောင်ရွက်ရမည်။

၇.၅ သတင်းပို့တိုင်ကြားခြင်း၊ ကိုယ်ရေးအချက်အလက် လုံခြုံရေးနှင့် အလုပ်ခန့်အပ်ခြင်းဆိုင်ရာ ဥပဒေတာဝန်ဝတ္တရားများကို ဖြည့်ဆည်းရမည်။

**ကလေးသူငယ် ဘေးအန္တရာယ်ကင်းရှင်းရေးစံနှုန်း ၈ - ကလေးငယ်များနှင့် လူငယ်များ အမြဲဘေးကင်းလုံခြုံမှု ရှိစေရန် ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများကို အမြဲမပြတ် အသိပညာပေးခြင်းနှင့် သင်တန်းပို့ချခြင်းတို့ဖြင့် ဗဟုသုတ၊ ကျွမ်းကျင်မှုများနှင့် အသိပညာတို့ ပြည့်ဝနေအောင် ပြင်ဆင်ပေးရမည်**

ကလေးသူငယ် ဘေးအန္တရာယ်ကင်းရှင်းရေးစံနှုန်း ၈ နှင့်အညီ အဖွဲ့အစည်းတစ်ခုအနေဖြင့် အနည်းဆုံး ပြုလုပ်ပေးရမည်မှာ-

၈.၁ ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများသည် အဖွဲ့အစည်း၏ကလေးသူငယ် ဘေးကင်းလုံခြုံရေးနှင့် ကျန်းမာပျော်ရွှင်ရေးမူဝါဒကို ထိရောက်စွာအကောင်အထည်ဖော်ရန် လေ့ကျင့်သင်ကြားထား၍ ပံ့ပိုးဆောင်ရွက်ပေးနိုင်ရမည်။

၈.၂ ဝန်ထမ်းများနှင့်စေတနာ့ဝန်ထမ်းများသည် အခြားကလေးများနှင့်လူငယ်များကြောင့်ဖြစ်ပေါ်သော ထိခိုက်မှုများအပါအဝင် ကလေးငယ်များကို အန္တရာယ်ဖြစ်စေစေသည့် ညွှန်ပြချက်များကို သိရှိရန် သင်တန်းနှင့် အချက်အလက်များကို လက်ခံရရှိထားရမည်။

၈.၃ ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများသည် ကလေးသူငယ် ဘေးကင်းလုံခြုံရေးနှင့် ကျန်းမာပျော်ရွှင်ရေးပြဿနာများကို ထိရောက်စွာတုံ့ပြန်ဆောင်ရွက်ရန်အတွက် သတင်းအချက်အလက်များကိုရရှိထားရမည်ဖြစ်ပြီး အန္တရာယ်များကို ဖွင့်ဟပြောဆိုသော လုပ်ဖော်ကိုင်ဖက်များကို ထောက်ခံအားပေးရမည်။

၈.၄ ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများသည် ကလေးသူငယ်များနှင့်လူငယ်များအတွက် ယဉ်ကျေးမှုကို မထိခိုက်စေဘဲ ပတ်ဝန်းကျင်များ မည်သို့တည်ဆောက်ရမည်နှင့် ပတ်သက်၍ သင်တန်းပို့ချမှုနှင့် သတင်းအချက်အလက်များကို ရရှိထားရမည်။

**ကလေးသူငယ် ဘေးအန္တရာယ်ကင်းရှင်းရေးစံနှုန်း ၉ - ပြင်ပနှင့် အွန်လိုင်းပတ်ဝန်းကျင်များတွင် ကလေးသူငယ်များနှင့် လူငယ်များအား အန္တရာယ်ဖြစ်နိုင်ခြေကို လျှော့ချလျက် ဘေးကင်းလုံခြုံရေးနှင့် ကျန်းမာပျော်ရွှင်ရေးကိုလည်း မြှင့်တင်သွားရမည်**

ကလေးသူငယ် ဘေးအန္တရာယ်ကင်းရှင်းရေးစံနှုန်း ၉ နှင့်အညီ အဖွဲ့အစည်းတစ်ခုအနေဖြင့် အနည်းဆုံး ပြုလုပ်ပေးရမည်မှာ-

၉.၁ ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများသည် ကလေးသူငယ်များ၏ ကိုယ်ရေးအချက်အလက် လုံခြုံရေး၊ သတင်းအချက်အလက်၊ လူမှုဆက်သွယ်ရေးနှင့် သင်ယူမှုအခွင့်အလမ်းများ ရယူခွင့်ကို ထိခိုက်စေခြင်းမရှိဘဲ အွန်လိုင်းနှင့် ပြင်ပပတ်ဝန်းကျင်ရှိ အန္တရာယ်များကို ခွဲခြားဖော်ထုတ်ပြီး လျှော့ချသွားရမည်။

၉.၂ အွန်လိုင်းပတ်ဝန်းကျင်ကို အဖွဲ့အစည်း၏ကျင့်ဝတ်စည်းမျဉ်း၊ ကလေးသူငယ် ဘေးကင်းလုံခြုံရေးနှင့် ကျန်းမာပျော်ရွှင်ရေး မူဝါဒနှင့် ကျင့်သုံးဆောင်ရွက်ချက်များနှင့်အညီ အသုံးပြုသွားရမည်။

၉.၃ ဘေးအန္တရာယ် စီမံခန့်ခွဲမှုအစီအစဉ်များတွင် အဖွဲ့အစည်းဆိုင်ရာ နောက်ခံအခြေအနေများ၊ ဆောင်ရွက်ချက်များနှင့် ပြင်ပ ပတ်ဝန်းကျင်တို့ကြောင့် ဖြစ်ပေါ်သောအန္တရာယ်များကို ထည့်သွင်းစဉ်းစားသွားရမည်။

၉.၄ ပြင်ပအဖွဲ့အစည်းများမှ အဆောက်အအုံများနှင့်ဝန်ဆောင်မှုများကို အသုံးပြုရန် စာချုပ်ချုပ်ဆိုသောအဖွဲ့အစည်းများတွင် ကလေးသူငယ်များနှင့် လူငယ်များ ဘေးကင်းလုံခြုံမှုရှိကြောင်း သေချာစေသည့် ဝယ်ယူမှုဆိုင်ရာ မူဝါဒများ ရှိထားရမည်။

**ကလေးသူငယ် ဘေးအန္တရာယ်ကင်းရှင်းရေးစံနှုန်း ၁၀- ကလေးသူငယ် အန္တရာယ်ကင်းရှင်းရေး စံနှုန်းများ အကောင်အထည်ဖော်မှုကို ပုံမှန်ပြန်လည်သုံးသပ်ပြီး တိုးတက်အောင် လုပ်ဆောင်ရမည်**

ကလေးသူငယ် ဘေးအန္တရာယ်ကင်းရှင်းရေးစံနှုန်း ၁၀ နှင့်အညီ အဖွဲ့အစည်းတစ်ခုအနေဖြင့် အနည်းဆုံး ပြုလုပ်ပေးရမည်မှာ-

၁၀.၁ အဖွဲ့အစည်းသည် ကလေးသူငယ် အန္တရာယ်ကင်းရှင်းရေး ကျင့်သုံးဆောင်ရွက်ချက်များကို ပုံမှန် ဆန်းစစ်သုံးသပ်ပြီး အကဲဖြတ်ကာ တိုးတက်ကောင်းမွန်အောင် လုပ်ဆောင်သွားရမည်။

၁၀.၂ စဉ်ဆက်မပြတ်တိုးတက်မှုကို အကြောင်းကြားရန် စနစ်တကျ ပျက်ကွက်မှုများနှင့် အကြောင်းရင်းများကို ဖော်ထုတ်နိုင်ရန်အတွက် တိုင်ကြားမှုများ၊ စိုးရိမ်မှုများနှင့် ဘေးကင်းလုံခြုံရေးဆိုင်ရာဖြစ်စဉ်များကို ဆန်းစစ်ပေးရမည်။

၁၀.၃ အဖွဲ့အစည်းသည် သက်ဆိုင်ရာပြန်လည်သုံးသပ်ချက်မှ တွေ့ရှိချက်များကို ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများ၊ ရပ်ရွာအသိုင်းအဝိုင်းနှင့်မိသားစုများ၊ ကလေးများနှင့်လူငယ်များထံ ပြန်လည်တင်ပြပေးရမည်။

**ကလေးသူငယ် ဘေးအန္တရာယ်ကင်းရှင်းရေးစံနှုန်း ၁၁ - မူဝါဒနှင့်လုပ်ထုံးလုပ်နည်းများအရ အဖွဲ့အစည်းသည် ကလေးသူငယ်များနှင့်လူငယ်များအတွက် မည်သို့လုံခြုံမှုပေးသည်ကို မှတ်တမ်းတင်ထားရမည်**

ကလေးသူငယ် ဘေးအန္တရာယ်ကင်းရှင်းရေးစံနှုန်း ၁၁ နှင့်အညီ အဖွဲ့အစည်းတစ်ခုအနေဖြင့် အနည်းဆုံး ပြုလုပ်ပေးရမည်မှာ-

၁၁.၁ မူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများသည် ကလေးသူငယ် အန္တရာယ်ကင်းရှင်းရေးစံနှုန်းများအားလုံးနှင့် သက်ဆိုင်သည်။

၁၁.၂ မူဝါဒများနှင့်လုပ်ထုံးလုပ်နည်းများကို မှတ်တမ်းတင်ထားရမည်ဖြစ်ပြီး နားလည်လွယ်ရမည်။

၁၁.၃ အကောင်းဆုံး ကျင့်သုံးဆောင်ရွက်ချက်ပုံစံများနှင့် လုပ်ဖော်ဆောင်ဖက်အဖွဲ့၏တိုင်ပင်ဆွေးနွေးခြင်းတို့သည် မူဝါဒများနှင့်လုပ်ထုံးလုပ်နည်းများဖွံ့ဖြိုးတိုးတက်မှုကို တင်ပြပေးရမည်။

၁၁.၄ ခေါင်းဆောင်များသည် မူဝါဒနှင့် လုပ်ထုံးလုပ်နည်းများကိုထောက်ခံအားပေးကာ စံပြလိုက်နာ လုပ်ဆောင်ပြရမည်။

၁၁.၅ ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများသည် မူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများကို နားလည်သဘောပေါက်ပြီး အကောင်အထည်ဖော်သွားရမည်။

# အကူအညီ တောင်ခံရမည့်နေရာများ

ကလေးသူငယ်များ ဘေးအန္တရာယ်ကင်းရှင်းရေးစံနှုန်းများကို ထိန်းသိမ်းသူများနှင့် အထွတ်အထိပ်အဖွဲ့အစည်း သို့မဟုတ် စက်မှုလုပ်ငန်းအဖွဲ့အစည်းများအနေဖြင့် စံချိန်စံညွှန်းများကို အဖွဲ့အစည်းများလိုက်နာနိုင်ရန် ကူညီပေးခြင်းအလို့ငှာ သတင်းအချက်အလက်နှင့်ပံ့ပိုးမှုများကို ပေးကောင်းပေးနိုင်ပါသည်။ မတူညီသော ကလေးသူငယ်ဘေးကင်းရေးစံနှုန်းများကို ထိန်းသိမ်းသူများအကြောင်း ခြုံငုံသုံးသပ်ချက်ကို ကော်မရှင်၏ ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။

မေးမြန်းလိုသည်များရှိလျှင်ဖြစ်စေ၊ စုံစမ်းလိုသည် များရှိလျှင်ဖြစ်စေ ကော်မရှင်ကို ဆက်သွယ်နိုင်ပါသည်-

- ဖုန်း- ၁၃၀၀ ၇၈၂ ၉၇၈
- အီးမေးလ်- contact@ccyp.vic.gov.au
- ကော်မရှင်၏ဝက်ဘ်ဆိုက်လိပ်စာ- www.ccyp.vic.gov.au သို့ ဝင်ရောက်ကြည့်ရှုပါ

သင်သည် စကားပြန် လိုအပ်ပါက ဘာသာပြန်နှင့် စကားပြန် ဝန်ဆောင်မှုဖုန်းနံပါတ် ၁၃ ၁၄ ၅၀ ကို ဖုန်းခေါ်ဆိုပြီး ၎င်းတို့အား ကလေးသူငယ်နှင့် လူငယ်များအတွက် ကော်မရှင်၏ ဖုန်းနံပါတ် ၁၃၀၀ ၇၈၂ ၉၇၈ မှတစ်ဆင့် ဆက်သွယ်ပေးရန် ပြောပြပါ။

သင်သည် နားမကြားသူ သို့မဟုတ် အကြားအာရုံ သို့မဟုတ် စကားပြောဆိုနိုင်စွမ်း အားနည်းချက်ရှိသူဖြစ်လျှင် National Relay Service မှတစ်ဆင့် ကျွန်ုပ်တို့ကို ဆက်သွယ်ပါ။ နောက်ထပ်အချက်အလက်များအတွက် www.relayservice.gov.au သို့ သွားရောက်ကြည့်ရှုပါ။